## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး
## ဒုတိယနေ့မှတ်တမ်း

**၁၃၇၂ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်**
**( ၂၀၁၁ ခုနှစ် ၊ မတ်လ ၁ ရက် )**
**( အင်္ဂါနေ့ )**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစည်းအဝေးကို နံနက် ၁၁း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် သူရဦးရွှေမန်းကဆောင်ရွက်ပြီး ၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီ။

## ပြည်သူ့လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၄၃၄)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို(၄၃၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့(၉၉.၀၈) ရာခိုင်နှုန်း ရှိပြီး၊တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁ ၊ နည်းဥပဒေခွဲ (က) နဲ့ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ) အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော် လည်းကောင်း ၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော် လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဒွေး၏ ကိုယ်စားခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဒွေးသည် ဇနီးဖြစ်သူ ပြည်ပတွင် ဆေးကုသခံယူရမည်ဖြစ်ပါသဖြင့် အနီးကပ်ပြုစုနိုင်ပါရန် ၁-၃-၂၀၁၁နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေး ဒုတိယနေ့ မှ ၁၀-၃-၂၀၁၁ နေ့အထိ ပြည်သူ့လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ခြင်းမှ ခွင့်ပြုပေးပါရန် ဦးဘဒွေး၏ ကိုယ်စားလေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မိုးကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဒွေး အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ မိုးကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဒွေး အတွက် ခွင့်ပန်ကြားချက်ကိုလွှတ်တော်ကသဘောတူတဲ့အတွက်ခွင့်ပြုပါတယ်။

**ဦးမောင်လှ(ခ)ဦးလှမြင့်(ပုလောမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်လှ(ခ) ဦးလှမြင့်ဖြစ်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်း ဒေသကြီး၊ ကော့သောင်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းရဲ့ကိုယ်စားလေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဦးမြင့်ထွန်း၏မိခင်သည်ကျန်းမာရေးအခြေအနေလုံးဝမကောင်းသည့် အတွက် မိခင်ကို စောင့်ရှောက်ရန်အတွက် ယနေ့ကျင်းပသည့် အစည်းအဝေးတက်ရောက်ခြင်းမှ ခွင့်ပြုပေးပါရန် ဦးမြင့်ထွန်း၏ ကိုယ်စားလေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကော့သောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ ကော့သောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း အတွက် ခွင့်ပန်ကြားချက်ကိုလွှတ်တော်က သဘောတူတဲ့အတွက်ခွင့်ပြုပါတယ်။

**ဦးသန်းနွယ် (ဘုတလင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့် ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဦးကျော်မြင့်ရဲ့ မိခင်ဖြစ်သူ ဒေါ်ထွန်း အသက် ၈၀ နှစ် ဟာ အရာတော်မြို့နယ်၊ ကျောက်ကပ်ရွာမှာ ၂၇-၂-၂၀၁၁ ရက်နေ့ နံနက်(၁၁း၀၀)နာရီအချိန်မှာ ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါတယ်။ သို့ဖြစ်ပါ၍ မိခင်၏ နာရေးကိစ္စများ ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ဦးကျော်မြင့်အား ၁-၃-၂၀၁၁ ရက်နေ့တွင် ခွင့်တစ်ရက် သတ်မှတ်ပေးပါရန် လေးစားစွာဖြင့် တင်ပြ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အရာတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ အရာတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် အတွက် ခွင့်ပန်ကြားချက်ကိုလွှတ်တော်က သဘောတူတဲ့အတွက်ခွင့်ပြုပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ သန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းကိုယ်စား ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းရဲ့ မိခင်ဖြစ်သူဟာ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ညနေအချိန်မှာ ရန်ကုန်မြို့နေအိမ်မှာ ကွယ်လွန် အနိစ္စရောက်ရှိခဲ့ပါတယ်။သို့ဖြစ်ပါ၍ဦးခင်မောင်ဝင်းအနေနဲ့မိခင်ကြီး၏ ဈာပနကိစ္စအဝဝကို ဆောင်ရွက်ရန်ရှိပါ၍ မတ်လ ၁ ရက်နေ့မှ မတ်လ ၆ ရက်နေ့အတွင်း ကျင်းပပြုလုပ်သော ပြည်သူ့ လွှတ်တော် အစည်းအဝေးများသို့ တက်ရောက်နိုင်ခြင်း မရှိသည်ကို ခွင့်ပြုပေးပါရန် ဦးခင်မောင်ဝင်း ကိုယ်စား ကျွန်တော်က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း အတွက် ခွင့်ပန်ကြားချက်ကိုလွှတ်တော်က သဘောတူတဲ့အတွက်ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ (၄၃၄) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ပြည်သူ့ လွှတ်တော်က ခွင့်ပြုသူ (၄)ဦးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ) ၊ နည်းဥပဒေခွဲငယ်(၂) အရ အခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက် ကို ပြည်သူ့ လွှတ်တော် ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]

ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း ကော်မတီကို ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနဲ့အညီ ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။လွှတ်တော်ကဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီနဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ၊ စိစစ်ရေးကော်မတီတို့ကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးရမှာ ဖြစ်ပါတယ် ။ ၄င်းတို့ရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးများကိုလည်း ပြည်သူ့လွှတ်တော်က သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ကော်မတီတစ်ခုချင်း မှာ ကော်မတီဝင် ၁၅ ဦးစီဖြင့် ဖွဲ့စည်းမှာဖြစ်ပြီး ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများလည်း ပါဝင်မှာဖြစ်ပါတယ်။ လွှတ်တော်က ဖွဲ့စည်းနိုင်တဲ့ ကော်မတီ၊ ကော်မရှင်နဲ့ အဖွဲ့များကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း ၄ ၊ ပုဒ်မ ၁၁၅ မှာ အခုလို ပြဋ္ဌာန်းသတ်မှတ်ထားတာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကော်မတီ၊ ကော်မရှင်နဲ့ အဖွဲ့များ ဖွဲ့စည်းခြင်း၊ ပုဒ်မ ၁၁၅ (က) ၊ ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ငွေစာရင်းကော်မတီ ၊ လွှတ်တော်အခွင့်အရေး ကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ ပုဒ်မခွဲ (ခ) ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တပ်မတော်ဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ လေ့လာတင်ပြစေရန် အကြောင်းပေါ်ပေါက်လာပါက ပြည်သူ့လွှတ်တော်သည် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီကို တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းရမည်။ ထိုသို့ ဖွဲ့စည်းသည့် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ တပ်မတော်သား မဟုတ်သော သင့်လျော်သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းရန် လိုအပ်ပါက ဖွဲ့စည်းနိုင်သည်။ ပုဒ်မခွဲ(ဂ) ပြည်သူ့ လွှတ်တော်သည် ဥပဒေပြုရေး ၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများ အရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး ၊ နိုင်ငံခြားရေးတို့ အပြင် အခြားရေးရာ ကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ ပုဒ်မခွဲ(ဃ) ပြည်သူ့ လွှတ်တော်သည် ပြည်သူ့လွှတ်တော်ကော်မတီများရဲ့ အဖွဲ့ဝင်ဦးရေ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

ပုဒ်မ ၁၁၆၊ ပြည်သူ့လွှတ်တော် သည် အမျိုးသားလွှတ်တော်နှင့် ညှိနှိုင်းရန်ကိစ္စပေါ်ပေါက်လျှင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်း ဆောင်ရွက်နိုင်ရေးအတွက် ယင်းကော်မတီတွင် ပါဝင်မည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးနိုင်သည်။ ပူးပေါင်း ကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာ လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့်အချိန်ထိ ဖြစ်သည်။

ပုဒ်မ ၁၁၇၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် ပုဒ်မ ၁၁၅၊ ပုဒ်မခွဲ(က) ၊ ပုဒ်မခွဲ (ခ)ပါ ကော်မတီများက ဆောင်ရွက် ရမည့်ကိစ္စများမှအပ အကြောင်းကိစ္စတစ်ရပ်ရပ်ကို လွှတ်တော်နှစ်ရပ်လုံးကလေ့လာရန် ရှိပါက ယင်းလွှတ်တော်များ၏ ဥက္ကဋ္ဌများသည် အချင်းချင်း ညှိနှိုင်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ ပြည်သူ့လွှတ်တော်သည် ထိုကော်မတီတွင်

ပါဝင်မည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးနိုင်သည်။ ယင်းပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာ လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီး ချိန်အထိ ဖြစ်သည်။

ပုဒ်မ ၁၁၈၊ ပုဒ်မခွဲ(က) ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော် ကော်မတီများက လေ့လာသော အကြောင်းကိစ္စများမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန် လိုအပ်ပါက ကော်မရှင်နှင့်အဖွဲ့များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများထည့်သွင်း၍ လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ပုဒ်မခွဲ(ခ) ပြည်သူ့လွှတ်တော်သည် အထက်ပါ ကော်မရှင်နှင့် အဖွဲ့ များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မရှင် သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန် ၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို သတ်မှတ်ပေးရသည်။ ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များဟာ ပြည်ထောင်စုအဖွဲ့အစည်းဟု ဆိုထားပါတယ် ။

ဒါနဲ့ပတ်သက်ပြီး ပြည်သူ့ လွှတ်တော် ဥပဒေ ၊ နည်းဥပဒေများက ယခုလို ဖော်ပြသတ်မှတ်ထားပါတယ်။

အခန်း ၁။ အမည် အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက် ၊ ပုဒ်မ ၂ ၊ ပုဒ်မခွဲ (ဇ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စု အစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင် ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် ပြည်ထောင်စု ရာထူးဝန် အဖွဲ့ကို လည်းကောင်း ၊ ပြည်ထောင်စုလွှတ်တော် ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ကော်မရှင်နှင့် အဖွဲ့များကိုလည်းကောင်းဆိုသည်။ ဒါကတော့ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေကို ဖတ်ကြားရှင်းလင်းခြင်းဖြစ်ပါတယ်။ ဒီကော်မတီ ၄ ရပ် ဖွဲ့စည်းတဲ့ အခါမှာ ထူးခြားချက် သို့မဟုတ် သိရှိထားရမယ့်အချက်တွေကတော့ ဒီကော်မတီများကို လွှတ်တော် ဥက္ကဋ္ဌက ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ၊ အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ်ပေးခြင်း ဖြစ်ပါတယ်။

ဒုတိယ ထူးခြားချက်က ကော်မတီများသည် ယခုလို လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော် ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာ ဖြစ်ပါတယ်။ ထူးခြားချက် ၃ (သို့မဟုတ်) သိရှိရမည့်အချက် ၃ကတော့ ကော်မတီများရဲ့သက်တမ်းဟာ လွှတ်တော်ရဲ့ သက်တမ်းအတိုင်း ဖြစ်သော်လည်း ကော်မတီဝင်များကိုတော့ တစ်နှစ်တစ်ကြိမ်ပြန်လည် သုံးသပ်ပြီး လိုအပ်ပါက ဥက္ကဋ္ဌ အနေနဲ့ စိစစ်လဲလှယ် အစားထိုးတာဝန်ပေးနိုင်ခြင်းပဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းမှု၊ ကော်မတီရဲ့တာဝန် ၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဆက်လက်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ဒီနေရာမှာ ဥပဒေကြမ်းကော်မတီတွင်ပါဝင်ရန် လျာထားတဲ့ အမည်စာရင်းကိုလည်း ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြီးတဲ့ နောက်ပိုင်းမှာ ကြေညာမှာ ဖြစ်ပါတယ် ။ ဒါကြောင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဥပဒေကြမ်း ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားပေးဖို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ တာဝန် ၊ လုပ်ပိုင်ခွင့် ၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန် ၊ ၁၁း၂၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ၊ ချမ်းသာပြီး ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၀ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီဖွဲ့စည်းမယ့် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကော်မတီ၏ ရပိုင်ခွင့် အခွင့်အရေးများနှင့် ပတ်သက်လို့တင်ပြသွားမှာ ဖြစ်ပါတယ် ။ ကော်မတီရဲ့တာဝန်များအနေနဲ့ကတော့ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ကော်မတီသည် -

(က) နိုင်ငံတော်ကချမှတ်သော မူဝါဒများ ၊ ဦးတည်ချက်များနှင့် ညီညွတ်မှုရှိ ၊မရှိ ၊

( ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ ၊မရှိ ၊

( ဂ ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်းရှိ ၊မရှိ ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များ ပါဝင်ခြင်းရှိ ၊မရှိ ၊

( င ) နိုင်ငံတော်၏ ပကတိ အခြေအနေများနှင့် လိုက်လျောညီထွေမှုရှိ ၊မရှိ ၊

( စ) အများပြည်သူ၏လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်းရှိ ၊မရှိ ၊

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား ၊ အသုံးအနှုန်းများပါဝင်ခြင်း ရှိ ၊မရှိ ၊

( ဇ ) ဝန်ကြီးဌာနတစ်ခုနှင့် တစ်ခု၏ လုပ်ပိုင်ခွင့်များ ၊ အစိုးရဌာန ၊ အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်းရှိ ၊မရှိ ၊

(ဈ ) အပြည်ပြည်ဆိုင်ရာ ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရ ရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသောအချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ ၊မရှိ နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ ၊မရှိ၊

(ည) သက်ဆိုင်ရာ ဥပဒေနှင့် စပ်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာ ပါရှိခြင်း ရှိ ၊မရှိ ၊

( ဋ ) ဥပဒေပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အခြေအနေ ရှိ ၊မရှိ ၊

(ဌ ) ဥပဒေ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်များပြည့်စုံစွာ ပါရှိခြင်း ရှိ မရှိ စတဲ့အချက်များကို အခြေခံ၍ စိစစ်ရမည်။

ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက က ဖွဲ့စည်းသော ဥပဒေကြမ်း ပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ်တာဝန်ထမ်းဆောင်ရမည်။ကော်မတီသည်ပြည်သူ့လွှတ်တော်ကအခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

ကော်မတီသည် ဥပဒေကြမ်းများကို အသေးစိတ်ဆွေးနွေးစဥ်းစားရာ၌ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးစဥ်းစားသည့် နည်းလမ်းအတိုင်း ဆွေးနွေးစဥ်းစားရမည်၊ သို့ရာတွင် -

(က) ကော်မတီတွင်အဆိုတင်သွင်းခြင်း ၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဥ်း၍ ထောက်ခံသူမလို ။

( ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့် စပ်လျဥ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည် ။

( ဂ ) ဥပဒေကြမ်းနှင့်စပ်လျဥ်း၍ သက်ဆိုင်ရာဌာန ၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်အားဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင် တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း ၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည် ။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ ။ ပြည်သူ့လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ အနေနဲ့ကလည်း ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ -

(က) နိုင်ငံတော်နှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

( ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည် ။

( ဂ ) ပြင်ဆင်ရန်အကြံပြုချက်များကို ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည် ။

(ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိသည် ။

အထက်ဖော်ပြပါ အပိုဒ် အရ ကော်မတီ၏ တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင်ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော တင်ပြချက် ၊ အကြံပြုချက်များဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏ သဘောတွင် အကျုံးဝင်သောတင်ပြချက် ၊ အကြံပြုချက်များလည်းဖြစ်ရမည်။

ဥပဒေကြမ်းကို ကော်မတီတွင် ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက -

(က) ကော်မတီ ဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကို ပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည် ။

( ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ထံ တင်ပြရမည် ။

( ဂ ) ကော်မတီ ဥက္ကဋ္ဌ မရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် သဘာပတိ တာဝန်ထမ်းဆောင်သော ကော်မတီဝင် တစ်ဦးကသော်လည်းကောင်း လက်မှတ်ရေးထိုးတင်ပြနိုင်သည် ။

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့်နေ့မှစ၍ ရုံးပိတ်ရက်မပါ ခုနစ်ရက်အတွင်း ကော်မတီ၏အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရမည် ။

( င) ယင်းသို့ တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘော ကွဲလွဲချက်များ ရှိပါက ထို ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(စ ) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရမည် ။

ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါပြဋ္ဌာန်းချက်များကိုမဆန့်ကျင်လျှင်လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့်ဆန္ဒမဲပေး ခွင့်ရှိသည် ။

( ခ ) ပြည်သူ့လွှတ်တော်၏လွှတ်တော်ကော်မတီအများဆုံးနှစ်ခုအထိပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည် ။

( ဂ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည် ။

ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကတော့ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည် ။

ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည် ။

( ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှ တစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည် ။

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

လို့ဖော်ပြထားပါကြောင်းဖတ်ကြားတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ကျေးဇူးတင်ပါတယ်။
(သြဘာသံများ)

## ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးခေတ္တရပ်နားခြင်း

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းမှု၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးတွေကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်း တင်ပြပြီး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီမှာ ပါဝင်ရန် လျာထားတဲ့ အမည်စာရင်းများကို ကျွန်တော်က ဖတ်ကြားကြေညာပါ့မယ်-

| | | |
|---|---|---|
| (၁) | ဒေါ်နန်းဂါနု | ကွန်ဟိန်းမဲဆန္ဒနယ် |
| (၂) | ဦးသောင်း | မော်လိုက်မဲဆန္ဒနယ် |
| (၃) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် |
| (၄) | ဦးငွန်မောင်း | ဟားခါးမဲဆန္ဒနယ် |
| (၅) | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ် |
| (၆) | ဦးနန္ဒကျော်စွာ | ဒဂုံမဲဆန္ဒနယ် |
| (၇) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ် |
| (၈) | ဦးစောလှထွန်း | ချောင်းဦးမဲဆန္ဒနယ် |
| (၉) | ဦးခင်မောင်မြင့် | ဇီးကုန်းမဲဆန္ဒနယ် |
| (၁၀) | ဦးခင်မောင်ညို | ပေါက် မဲဆန္ဒနယ် |

(၁၁) ဦးခင်မောင်ရွှေ တမူးမဲဆန္ဒနယ်

(၁၂) ဦးစိုးရယ် ဒီမောဆိုမဲဆန္ဒနယ်

(၁၃) ဦးစတီဖန် ကျိုင်းတုံမဲဆန္ဒနယ်

(၁၄) ဦးသိန်းထွန်းဦး အမရပူရမဲဆန္ဒနယ်

(၁၅) ဒေါက်တာစိုးမိုးအောင် ဘီးလင်းမဲဆန္ဒနယ်

စုစုပေါင်း (၁၅) ဦး ဖြစ်ပါတယ်။ ယခုအမည်စာရင်း ကြေညာခြင်းခံရသူများက လွှတ်တော် ခေတ္တ ရပ်နားချိန် အခု ကျွန်တော့် နာရီနဲ့ ၁၁ နာရီ ၃၅ မိနစ် ရှိပါပြီ။ နောက်ထပ် ၁ နာရီ။ ပေါင်း ၁၂နာရီ ၃၅ မိနစ်မှာ လွှတ်တော်ရဲ့ အပေါ်ထပ် ဒုတိယထပ်မှာ ရှိတဲ့ လွှတ်တော် ဥက္ကဋ္ဌရုံးမှာ စုဝေးဖို့ ဖြစ်ပါတယ်။ အဲဒီလို စုဝေးတဲ့အချိန်မှာပဲ ပါတီများရဲ့ ကိုယ်စားလှယ်များဟာ အဲဒီရုံးဘေးအနီးမှာရှိတဲ့ အသင့်ပြင်ဆင်ထားတဲ့ နေရာမှာ ပါတီ တစ်ခုရဲ့ ကိုယ်စားလှယ်နှစ်ဦးလာရောက်ပြီး နေရာယူဖို့လည်း ပြောကြားလိုပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်း ကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မယ့် လွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းနိုင်ရန်နှင့် နေ့လယ်စာ စားသုံးနိုင်ရန် အစည်းအဝေးကို ၁ နာရီ ကျော်ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

[ ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များ နှင့် ညှိနှိုင်းရန်နှင့် နေ့လယ်စာ စားသုံးရန် အစည်းအဝေး ၁နာရီကျော်ခန့် ရပ်နားပါသည်။ ]

**အခမ်းအနားမှူး ။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား ။

**အခမ်းအနားမှူး ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ အစည်းအဝေး ပြန်လည် မစတင်မီမှာ လူခေါ်ခေါင်းလောင်းအသံရှည် တီးမှာ ဖြစ်တဲ့အတွက် အသံရှည်ကြားရချိန်မှာ အစည်းအဝေးခန်းမအတွင်း ပြန်လည်နေရာယူကြရန် ဖြစ်ပါတယ် ခင်ဗျား။ ယခု လွှတ်တော် ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

**အချိန် ၊ ၁၃း၀၇။**

**အခမ်းအနားမှူး ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အချိန် ၊ ၁၃း၀၈။**

**အခမ်းအနားမှူး ။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

**အခမ်းအနားမှူး ။** ။အားလုံးထိုင်နိုင်ကြပါပြီ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀၊ နည်းဥပဒေ ၃၃ နှင့် ၄၀ တို့အရ ဥပဒေကြမ်းကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ဥပဒေကြမ်းကော်မတီမှာ ပါသင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့ အမည် စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးနဲ့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်များရဲ့ အမည်စာရင်း ကတော့ လျာထားချက်နဲ့ ကွဲလွဲမှု မရှိပါဘူး။ အတည်ပြုပြီးထပ်မံကြေညာပေးပါ့မယ်-

| | | |
|---|---|---|
| (၁) | ဒေါ်နန်းဝါနု | ကွန်ဟိန်းမဲဆန္ဒနယ် |
| (၂) | ဦးသောင်း | မော်လိုက်မဲဆန္ဒနယ် |
| (၃) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် |
| (၄) | ဦးငွန်မောင်း | ဟားခါးမဲဆန္ဒနယ် |
| (၅) | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ် |
| (၆) | ဦးနန္ဒကျော်စွာ | ဒဂုံမဲဆန္ဒနယ် |
| (၇) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ် |
| (၈) | ဦးစောလှထွန်း | ချောင်းဦးမဲဆန္ဒနယ် |
| (၉) | ဦးခင်မောင်မြင့် | ဇီးကုန်းမဲဆန္ဒနယ် |
| (၁၀) | ဦးခင်မောင်ညို | ပေါက် မဲဆန္ဒနယ် |
| (၁၁) | ဦးခင်မောင်ရွှေ | တမူးမဲဆန္ဒနယ် |
| (၁၂) | ဦးစိုးရယ် | ဒီမောဆိုမဲဆန္ဒနယ် |
| (၁၃) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် |
| (၁၄) | ဦးသိန်းထွန်းဦး | အမရပူရမဲဆန္ဒနယ် |
| (၁၅) | ဒေါက်တာစိုးမိုးအောင် | ဘီးလင်းမဲဆန္ဒနယ် တို့ ဖြစ်ပါတယ်။ |

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှာ ကော်မတီဥက္ကဋ္ဌ အဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာအား လည်းကောင်း ၊ အတွင်းရေးမှူးအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်အား လည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမှာဖြစ်ကြောင်း တင်ပြပါတယ်။

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ တွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ နှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ ဥပဒေကြမ်းကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်ရယူခြင်းနှင့် ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း**

**အချိန် ၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း ကော်မတီမှာ ပါဝင်တဲ့အဖွဲ့ဝင်ဦးရေ ၊ အဖွဲ့ဝင်များရဲ့ အမည်စာရင်း ၊ ကော်မတီဥက္ကဋ္ဌ နဲ့ အတွင်းရေးမှူး တို့ရဲ့ အမည်စာရင်းကို တင်ပြလို့ပြီးပါပြီ။ ကော်မတီဖွဲ့စည်းမှု နဲ့ ကော်မတီရဲ့တာဝန် ၊ လုပ်ပိုင်ခွင့်နဲ့ ရပိုင်ခွင့် တင်ပြမှုများကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဖွဲ့စည်းရန် တင်ပြချက်ကိုလည်းကောင်း ၊ ဥပဒေကြမ်း ကော်မတီရဲ့ တာဝန် ၊ လုပ်ပိုင်ခွင့် ၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုပါ သလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် ဥပဒေကြမ်း ကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးနန္ဒကျော်စွာအား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ကွတ်ခိုင် မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်အား လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် -

(၁) ဒေါ်နန်းဝါနု

(၂) ဦးသောင်း

(၃) ဦးဘရှိန်

(၄) ဦးငွန်မောင်း

(၅) ဒေါ်ဒွဲဘူ

(၆) ဦးစောလှထွန်း

(၇) ဦးခင်မောင်မြင့်

(၈) ဦးခင်မောင်ညို

(၉) ဦးခင်မောင်ရွှေ

(၁၀) ဦးစိုးရယ်

(၁၁) ဦးစတီဖန်

(၁၂) ဦးသိန်းထွန်းဦး

(၁၃) ဒေါက်တာစိုးမိုးအောင်

တို့အား တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနဲ့ ဥပဒေကြမ်း ကော်မတီရဲ့တာဝန် ၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနဲ့ စပ်လျဉ်းသည့် တင်ပြချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကော်မတီများရဲ့ ဖွဲ့စည်းခြင်း၊ တာဝန်၊ လုပ်ပိုင်ခွင့် အခွင့်အရေးများကို လွှတ်တော်က သတ်မှတ်ပေးခြင်းဖြစ်ပါတယ်။ တကယ်တော့ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် မိမိတို့အားလုံးဟာ လွှတ်တော်နဲ့ လွှတ်တော်အတွင်း ဆောင်ရွက်ရမယ့် အတွေ့အကြုံများဟာ အင်မတန်မှ အားနည်းပါတယ်။ အတွေ့အကြုံရှိပါတယ်ဆိုတဲ့ လူကြီးများသည်ပင်လျှင် ၁၉၇၇ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖြစ်ပေါ်ခဲ့တဲ့ ပါလီမန် ၊ ပါလီမန် မှာ ဆောင်ရွက်ခဲ့ရတဲ့ ဆောင်ရွက်ပုံ ဆောင်ရွက်နည်း ၁၉၇၄ ခုနှစ် ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ နဲ့အညီ ပေါ်ပေါက်ခဲ့တဲ့ လွှတ်တော်၊ အဲဒီလွှတ်တော်မှာ ဆောင်ရွက်ပုံ ဆောင်ရွက်နည်းများနဲ့ ဒီနေ့ ၂၀၀၈ ခုနှစ်မှာ အတည်ပြုထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်ခဲ့တဲ့ လွှတ်တော်တို့ရဲ့ ဖွဲ့စည်းမှု ၊ တာဝန်ယူမှု ၊ တာဝန်ပေးအပ်မှုတွေဟာ မတူညီတာတွေ ကွဲလွဲမှုရှိတာတွေ လွှတ်တော်ကိုယ်စားလှယ်များအားလုံး သဘောပေါက်ပြီးဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဥာဏ်မီသလောက် တွေးတော ဆင်ခြင်ပြီး ရသမျှသော ပြည်တွင်း၊ ပြည်ပ ဗဟုသုတ အချက်အလက်များကို အခြေခံပြီး ဥပဒေနှင့် ညီညွတ်နိုင်သမျှ ညီညွတ်ရအောင် ဆောင်ရွက်ထားပါတယ်။ ရှေ့မှာ တွေ့ကြုံရတဲ့ အခြေအနေပေါ်မူတည်ပြီး အချိန်အခါအလိုက် မွမ်းမံပြင်ဆင် ဆောင်ရွက်သွားရင် လွှတ်တော်နဲ့ လွှတ်တော်အတွင်း ဆောင်ရွက်ရမယ့် ကိစ္စများ ပိုမိုအဆင်ပြေသွားလိမ့်မယ်လို့ မျှော်လင့်ယုံကြည်ထားပါတယ်။ ကိုယ်စားလှယ်များရဲ့ ပူးပေါင်းမှုကို တန်ဖိုးထားပါတယ်။ လေးစားပါတယ် ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်သူ့လွှတ်တော်အစည်းအဝေးဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ မရပ်နားမီ ပြီးခဲ့တဲ့ အချိန်အတောအတွင်းက မိမိတို့ လျာထားတဲ့ ကော်မတီများနဲ့ ဆွေးနွေးပြီးတော့ ထားခဲ့တဲ့ အကြောင်းအရာလေးကိုလည်း လွှတ်တော်ကို ပြန်လည် တင်ပြချင်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီနဲ့ ကျန်တဲ့ ကော်မတီ သုံးရပ်ကို တာဝန်ပေးရွေးချယ်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ အခြေခံထားစဥ်းစားတဲ့ အချက်များ ကတော့ -

(၁) ပညာအရည်အချင်း၊ ပညာအရည်အချင်း ဆိုသည်မှာ သူ တက်ရောက်အောင်မြင်ခဲ့တဲ့ ပညာရပ်ကို ဆိုလို ပါတယ်။

(၂) လုပ်ငန်းအတွေ့အကြုံ

(၃) မဲဆန္ဒနယ်ဒေသ

(၄) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဒေသ

(၅) ပါတီများ

(၆) Gender လိင်ပိုင်းဆိုင်ရာ စတဲ့အချက်များကို လေ့လာပြီး လျာထားတာဝန်ပေးအပ်ခဲ့တာ ဖြစ်ပါတယ်။

ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ လျာထားတာဝန်ပေးခြင်းခံရတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဆွေးနွေးတဲ့အခါမှာ ကျွန်တော့်အနေနဲ့ ထပ်လောင်းတင်ပြ ဆွေးနွေးတာ ရှိပါတယ်။ ဒါကတော့ ကျန်းမာရေးအရ ၊ အလွန်ထူးခြားတဲ့ လူမှုရေးကိစ္စမှ လွဲရင် ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်စေလိုပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ပါတီစွဲ ၊ ဝါဒစွဲ ၊ ဒေသစွဲ ၊ လူမျိုးစွဲ ၊ ဘာသာစွဲတွေမရှိဘဲနဲ့ နိုင်ငံတော်ရဲ့ အကျိုးစီးပွား ၊ ပြည်ထောင်စုရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက် လုပ်ဆောင်ကြဖို့ လိုလားပါတယ်လို့ ဒီလို ကျွန်တော် တင်ပြဆွေးနွေးခဲ့ပါတယ်။ အဲဒီအခါမှာ ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်များအားလုံးက ကျွန်တော်တို့ရဲ့ စိစစ်ရွေးချယ်ထားချက်ကို လက်ခံကြောင်း၊ ဂုဏ်ယူကြောင်း၊ ကျေးဇူးတင်ကြောင်း အားလုံးက တညီတညွတ်တည်း ပြောတဲ့ အတွက် အရန်ထားတဲ့ ဘေးမှာ ရန်ထားတဲ့ ပါတီကိုယ်စားလှယ် ၊ တိုင်းကိုယ်စားလှယ်များနဲ့ ထပ်မံ ဆွေးနွေးရန် မလိုဘဲနဲ့ တစ်ခါတည်းနဲ့ပဲ ပြီးစီးခဲ့ပါတယ်။ ဒီထဲမှာပဲ ထူးထူးခြားခြား ဒီနေ့ ကျွန်တော်တို့ ရွေးချယ်ထားတဲ့ ဒေါ်နန်းဝါနု သူ့အသက်က ၃၂ နှစ်၊ သူ့ရဲ့ ပညာအရည်အချင်းက L.L.B, L.L.M

ကျွန်တော်တို့က သူ့ကို ဒီလိုရွေးချယ်တဲ့အတွက် သူ့အနေနဲ့ အင်မတန်မှ ဝမ်းသာကြောင်း၊ ဂုဏ်ယူကြောင်း၊ ဒီဘာသာရပ်ကို မိဘနဲ့ ဆန့်ကျင်ပြီးတော့ ဒီဘာသာရပ်ကို ရအောင်သင်ယူခဲ့ကြောင်း၊ ဒီလိုရွေးချယ်တာဝန်ပေးတဲ့အခါမှာ သူ့ဘက်က ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားမည်ဆိုတဲ့အကြောင်းပြောသလို အခြားကိုယ်စားလှယ်များကပြောတဲ့အတွက်လည်း ကျွန်တော်တို့အနေနဲ့ လွှတ်တော်အနေနဲ့ ဒါ ဂုဏ်ယူရမှာ ဖြစ်ပါတယ် ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရှေ့ဆက်သွားမယ့်ခရီးမှာလည်း ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ဒီလိုပဲ ယုံယုံကြည်ကြည်နဲ့ လက်တွဲဖို့၊ ပူးပေါင်းဖို့ ကျွန်တော့်အနေနဲ့ ဒီမှာ ထပ်မံတိုက်တွန်း ပြောကြားလိုပါတယ်။ ဒါကြောင့် ဒီနေ့ ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ဒီမှာပဲ ရပ်နားပြီးတော့ တတိယနေ့ကိုတော့ ၂၀၁၁ ခုနှစ်၊ မတ်လ ၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီမှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၁ ခုနှစ်၊ မတ်လ ၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ထပ်မံ ကြေညာအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ (သြဘာသံများ)

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးဒုတိယနေ့ကို ၁၃း၂၅ နာရီ အချိန်တွင် ရပ်နားပါသည်။]